# ပြိုင်ဆိုင်မှုပေါ်လစီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

သိန်းမြင့်ဝေ

## ပြည်တွင်းရှုထောင့်

ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေသော ပြိုင်ဆိုင်မှုပေါ်လစီ၏ ကောင်းကျိုးများအဖြစ် ၃ မျိုး တွေ့ရှိရပါသည်။ ပထမအမျိုးအစားမှာ စီးပွားရေးလုပ်ငန်းများ၏ သွင်းအားစုစရိတ်များကို မြင့်မားစေသော၊ စားသုံးသူများ၏ ကောင်းကျိုးချမ်းသာကို လျော့ကျစေသော **ကာတဲလ်နှင့်လက်ဝါးကြီးအုပ်လုပ်ငန်းများကို လျော့နည်းပပျောက်စေခြင်း** ဖြစ်သည်။ ဒုတိယကောင်းကျိုးအဖြစ် လုပ်ငန်းစွမ်းဆောင်ရည်နှင့် စီးပွားရေးလည် ပတ်မှုစွမ်းအင်ကို မြှင့်တင်ပေးသော **ပုဂ္ဂလိကပိုင်ဆိုင်မှုများပြားလာခြင်းနှင့် စည်းမျဉ်းစည်းကမ်းတင်းကြပ်မှုများ လျော့နည်းလာခြင်း** တို့ကိုတွေ့မြင်နိုင်သည်။ တတိယအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်ပိုမိုတိုးတက် ရေးနှင့် ပြိုင်ဆိုင်နိုင်စွမ်းကို မြှင့်တင်ရေးအတွက် **လက်ရှိလုပ်ငန်းများအား ပိုမိုကောင်းမွန်အောင် ပြန်လည်ပြုပြင်နိုင်ခြင်း** ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

## နိုင်ငံတကာရှုထောင့်

ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိသော နိုင်ငံတကာကာတဲလ်များ (international cartels) ၏ တိုက်ရိုက် သက်ရောက်မှုအဖြစ် ၄ မျိုးတွေ့ရှိရသည်။ ပထမအချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် **ဈေးနှုန်းကြီးမြင့်မှုဒါဏ်ခံရခြင်း** ဖြစ်သည်။ ဥပမာအားဖြင့် ၁၉၉၇ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် လျှို့ဝှက်ပူးပေါင်း၍ ဈေးနှုန်းသတ်မှတ်သော လုပ်ငန်းများမှ ကုန်စည်အမေရိကန်ဒေါ်လာ ၈၁ ဘီလျံ တင်သွင်းခဲ့ရသည်။ ဒုတိယအခြေအနေမှာ **ပဋိပက္ခဆန်ခြင်း** ဖြစ်သည်။ ဆိုလိုသည်မှာ အဆိုပါ ဈေးနှုန်းသတ်မှတ်၍ ဈေးကွက်ကို ချုပ်ကိုင်သော ကာတဲလ်အပြင် ခေါင်းပုံဖြတ်အမြတ်ကြီးစားသည့် လုပ်ငန်းများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံရှိ ထုတ်လုပ်ရောင်းချသူတို့ကြား ပဋိပက္ခများပေါ်ပေါက်နိုင်ခြင်းဖြစ်သည်။ တတိယသက်ရောက်မှုမှာ နိုင်ငံတကာအဆင့်ရှိသော၊ ကြီးမားသော **ကုမ္ပဏီကြီးများပေါင်းစည်းခြင်း** (transnational mergers) နှင့် ဈေးကွက်ချုပ်ကိုင်နိုင်စွမ်းကို အလွဲသုံးစားပြုသည့် ဖြစ်ရပ်များများပြားလာနိုင်ခြင်းဖြစ်ပါသည်။ စတုတ္ထအချက်ဖြစ်သည့် ကောင်းကျိုးပြုသော အချက်မှာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု **(FDI) ၏ အကျိုးတရားများကို အများဆုံးရရှိခံစားနိုင်ခြင်း** ဖြစ်သည်။

## ပေါ်လစီရေးဆွဲရခြင်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစီအစဉ် (WTO Agenda) တွင် ပြိုင်ဆိုင်မှုပေါ်လစီကို ထည့်သွင်းရေးဆွဲရခြင်းနှင့်ပတ်သက်၍ အဓိကကျသော အချက် ၂ ချက်ကိုတွေ့ရှိရသည်။ ၎င်းတို့မှာ trade liberalization နှင့် globalization of business တို့ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကွန်ယက်ဖြစ်လာခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများ၏ အရွယ်အစားမှာလည်း အလျင်အမြန်ကြီးမားလာသည်။ အကျိုးဆက်အနေဖြင့် ယင်းလုပ်ငန်းများ၏ ပြိုင်ဆိုင်မှုကိုဆန့်ကျင်သော၊ ပြိုင်ဆိုင်မှုကိုလျော့ကျစေသော လုပ်ဆောင်ကျင့်သုံးမှုများသည်လည်း ကြီးထွားလာသည်။ ထို့ပြင်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ပေါ်လစီများ၏ အခန်းကဏ္ဍလည်းဖွံ့ဖြိုးတိုးတက်ရန်

လိုအပ်လာပါသည်။ ထိုသို့သော အကြောင်းအချက်များကြောင့် ပြိုင်ဆိုင်မှုပေါ်လစီကို ရေးဆွဲရခြင်းဖြစ်ပါသည်။

**အစွန်း ၂ ဘက်**

လုပ်ငန်း သို့မဟုတ် ဈေးကွက်ပုံစံအမျိုးမျိုးရှိရာတွင် အပြည့်အဝပြိုင်ဆိုင်မှုရှိသော လုပ်ငန်းများဈေးကွက်ကို (ချုပ်ကိုင်မှုမရှိသော လုပ်ငန်းများ) သည် ဈေးကွက်စွမ်းဆောင်ရည်အရှိဆုံးသော စံပြလုပ်ငန်းများဖြစ်သည်။ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးချမ်းသာ (welfare) ကိုအများဆုံးဆောင်ကြဉ်းပေးသည်။ မပြည့်ဝသော လုပ်ငန်းများ၊ ပြိုင်ဆိုင်မှုမရှိသော (ဈေးကွက်ကိုချုပ်ကိုင်သော) လုပ်ငန်းများအနေဖြင့် စံပြဈေးကွက်မဖြစ်နိုင်တော့ပေ။ ၎င်းတို့၏ အမြတ်များသည် သာမန်အမြတ်ထက်ပိုမိုများပြားလာသည်။ စီးပွားဖြစ်အမြတ်ဖြစ်လာသည်။ ထုတ်လုပ်မှုစရိတ်ကြီးမြင့်ခြင်းကို အကြောင်းပြလာသည်။ အကျိုးဆက်အနေဖြင့် လူ့အဖွဲ့အစည်း၏ ကောင်းကျိုးချမ်းသာကိုဆုံးရှုံးစေမည်ဖြစ်သည်။

**အခြေအနေမတူ၊ အကျိုးဆက်တူ**

စီးပွားရေးလုပ်ငန်းများ၏ မသန့်ရှင်းသောလုပ်ငန်းလုပ်ဆောင်မှုကို ထိန်းချုပ်သော အစိုးရပေါ်လစီအမျိုးမျိုးရှိသည်။ ဈေးကွက်အတွင်းရှိ အားနည်းချက် (မပြည့်ဝမှု) များက ဆိုးကျိုးအမျိုးမျိုးကို ဖြစ်စေသောကြောင့် အဆိုပါပေါ်လစီများ အရေးတကြီးလိုအပ်လာပါသည်။ လုပ်ငန်းလည်ပတ်မှုအခြေအနေအမျိုးမျိုး ကွဲပြားသော်လည်း ယင်းဈေးကွက်များ (လုပ်ငန်းများ) ၏နောက်ဆုံးအကျိုးဆက်များမှာ အတူတူပင်ဖြစ်သည်။ တူညီသော နောက်ဆုံးအကျိုးဆက်များမှာ ဈေးနှုန်းကို ချုပ်ကိုင်ခြင်း၊ ကုန်ထွက်ကို ကန့်သတ်ခြင်းနှင့် ကောင်းကျိုးချမ်းသာကိုဆုံးရှုံးစေခြင်းတို့ဖြစ်ပါသည်။

**ဖြေရှင်းနည်း ၄ မျိုး**

ဈေးကွက်ကို တစ်ဦးတည်းချုပ်ကိုင်လိုသော၊ လက်ဝါးကြီးအုပ်လိုသော ပြဿနာကိုဖြေရှင်းရန် အခြေခံနည်းလမ်း ၄ သွယ်ရှိပါသည် -

(က) Antitrust Law - လက်ဝါးကြီးအုပ်လုပ်ငန်းကို တိုက်ဖျက်သည့် ဥပဒေဖြစ်သည်။ လက်ဝါးကြီးအုပ်လုပ်ငန်းများ ထူထောင်ဖန်တီးခြင်းကို ကာကွယ်လိုသော ဥပဒေဖြစ်ပါသည်။

(ခ) Price regulations- ဈေးနှုန်းထိန်းချုပ်မှုများဖြစ်သည်။ ဤအချက်အရ လက်ဝါးကြီးအုပ်လုပ်ငန်းများဖြစ်တည်နေခြင်းကို ခွင့်ပြုထားသော်လည်း ကုန်ဈေးနှုန်းနှင့် အမြတ်များအပေါ် ထိန်းချုပ်မှုကို စည်းမျဉ်းစည်းကမ်းများဖြင့် တားမြစ်မည်ဖြစ်သည်။

(ဂ) Government ownership- အစိုးရပိုင်ဆိုင်မှုကို ဆိုလိုပါသည်။ ပုဂ္ဂလိကပိုင်လုပ်ငန်းများကို ပြည်သူပိုင်ကဏ္ဍသို့ ပြောင်းရွှေ့ပြီး ပြည်သူပိုင်ကဏ္ဍက တိုက်ရိုက်လုပ်ဆောင်သော နည်းလမ်းဖြစ်ပါသည်။

(ဃ) Laissez faire policy - လွတ်လပ်သောဈေးကွက်ပေါ်လစီဖြစ်သည်။ ဤပေါ်လစီအရ ဈေးကွက်အတွင်း အစိုးရဝင်ရောက်ဆောင်ရွက်မှုမရှိဘဲ ဈေးကွက်ကစီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်ချက်နှင့် အလားအလာကို လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခွင့်ပြုထားပါသည်။

### ကျင့်သုံးသည့်နိုင်ငံများ

UNCTAD ၏ စာရင်းများအရ ယခုအခါကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၆၀ ကျော်က ပြိုင်ဆိုင်မှုပေါ်လစီကိုကျင့်သုံးလျက်ရှိသည်။ အမေရိကတိုက်၊ အာဖရိကတိုက်နှင့် အာရှတိုက်တို့တွင် ၁၂ နိုင်ငံစီရှိပြီး ဥရောပတိုက်တွင် ၂၂ နိုင်ငံနှင့် ဩစတြေးလျတိုက်တွင် ၂ နိုင်ငံ အသီးသီးကျင့်သုံးကြောင်း တွေ့ရှိရသည်။ အာရှတိုက် ၁၂ နိုင်ငံတွင် ဂျပန်၊ ကိုရီးယား၊ တရုတ်တိုင်ပေ၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ တရုတ်၊ စင်္ကာပူ၊ ဗီယက်နမ်နှင့် မွန်ဂိုလီးယားတို့ပါဝင်သည်။ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ပြိုင်ဆိုင်မှုပေါ်လစီမူကြမ်းကို ရေးဆွဲလျက်ရှိကြောင်း သိရှိရပါသည်။

### ဥပဒေအမည်များ

ပြိုင်ဆိုင်မှုပေါ်လစီ၏ ရည်ရွယ်ချက်များမှာ ပြိုင်ဆိုင်မှုကိုကာကွယ်ရန်နှင့် စားသုံးသူကို ကာကွယ်ရန်ဖြစ်သည်။ ပြိုင်ဆိုင်သူများ (competitiors) ကိုကာကွယ်ခြင်းမဟုတ်ကြောင်း သတိပြုရန်လိုပါသည်။ ဈေးကွက်အတွင်း ပြိုင်ဆိုင်မှုဖြစ်တည်နေခြင်းကို ထိန်းသိမ်းတည့်မတ်ပေးရန်နှင့် ပြိုင်ဆိုင်မှုကို မြှင့်တင်ပေးရန်လည်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပြိုင်ဆိုင်မှုပေါ်လစီ သို့မဟုတ် ပြိုင်ဆိုင်မှုဥပဒေများမှာ အမည်နာမသတ်မှတ်ပုံအမျိုးမျိုးကွဲပြားသော်လည်း ယင်းဥပဒေများ၏ ရည်ရွယ်ချက်များမှာ အတူတူပင်ဖြစ်သည်။ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော ဥပဒေများ၏ အမည်များကို ဖော်ပြအပ်ပါသည် -

- Anti - Trust
- Anti - Monopoly
- Cartel Law
- Demonopolization
- Fair Trade Competition
- Against Restraints of Competition
- Against Unfair Competition
- Control of Restrictive Business Proctices
- Monopolies and Restrictive Trade Practices
- Commercial Competition Protection

Source: Trade Competition Bureau,Department of Internal Trade, Ministry of Commerce, Thailand & Competition Policy in the WTO conducted by MS Margaret Liang, MOFA, S'pore.